## ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ဆိုသည်မှာ အဘယ်နည်း ? ဘာကြောင့် မြန်မာနိုင်ငံအတွက် အရေးပါသနည်း?

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု (Corporate Governance) ကို အခြေခံသောအခြေခံမူများကို ရှင်းရှင်းလင်းရှင်း နားလည်သဘောပေါက်ရန်အတွက် ကုမ္ပဏီများ၏အခြေခံရည်ရွယ်ချက်များကိုနားလည်ရန်အဓိကအရေးကြီး သည့်အပြင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုက ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီ၏ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်ပုံကို နားလည်ရန်လည်း လွန်စွာအရေးကြီးပါသည်။

<u>စုပေါင်းရင်းနှီးမြှုပ်နှံမှု စက်ယန္တရားများ ကဲ့သို့ ကုမ္ပဏီများ - ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အတွက် လိုအပ်ချက်</u>

ကုမ္ပဏီများသည် လူပုဂ္ဂိုလ်များနှင့်တန်းတူအခွင့်အရေးများကို ခံစားခွင့်ရရှိသော ဥပဒေရေးရာပုဂ္ဂိုလ် (Legal Person) ဟူသည့်အဆင့်အတန်းတစ်ရပ်ကို ပိုင်ဆိုင်ထားကြပါသည်။ ကုမ္ပဏီ၏အစုရှယ်ယာရှင်များ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများသည်လည်း (အစုရှယ်ယာရှင်များသည် ၎င်းတို့ပိုင်ဆိုင်ထားသည့်အစုရှယ်ယာများ၏ သတ်မှတ်ထည့်ဝင်နှုန်းထားကိုသာ ထည့်ဝင်ရန်တာဝန်ရှိပြီး ကုမ္ပဏီ၏ကြွေးမြီများကို ပေးဆပ်ရန်တာဝန်မရှိစေရ ဟူသော) ဥပဒေများပါကင်းလွတ်ခွင့်များအရ ကန့်သတ်ထားသည့်ပေးရန်တာဝန်ကိုသာ လိုက်နာဖြည့် ဆည်းဆောင်ရွက်ခွင့် ရရှိထားကြပါသည်။ ဤသဘောတရားသည် ကုမ္ပဏီများအား စီးပွားရေးလုပ်ငန်းများ လည်ပတ်စေရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရေးအတွက် စက်ယန္တရားများကဲ့သို့ ပိုမို ဆွဲဆောင်မှု <u>ရှိလာစေသည်။</u> သို့ရာတွင် ကုမ္ပဏီများ၏ အခြေခံရည်ရွယ်ချက်မှာ စုပေါင်းရင်းနှီးမြှုပ်နှံမှု အတွက် <u>စက်ယန္တရားများ</u> သာဖြစ်ပါသည်။ အချင်းချင်းသိကျွမ်းစရာမလိုဘဲ၊ ကုမ္ပဏီ၏စီမံခန့်ခွဲမှုအဖွဲ့နှင့် သိကျွမ်း စရာမလိုဘဲ အရင်းအနှီးထည့်ဝင်ကြသည့် ရင်းနှီးမြှုပ်နှံသူများရှိခြင်းဖြင့် အဆိုပါရင်းနှီးမြှုပ်နှံသူများ၏ စုပေါင်း ရင်းနှီးမြှုပ်နှံမှုများကိုစုပေါင်းပေးလျက် ပိုမိုကြီးမားကျယ်ပြန့်သောရင်းနှီးမြှုပ်နှံသူများအစုအဝေးမှ ရင်းနှီး မြှုပ်နှံမှုများပိုမိုရရှိစေနိုင်သည့်လမ်းကြောင်းတစ်ရပ်ကို ကုမ္ပဏီများက ဆောင်ကြဉ်းပေးပါသည်။

ဥပဒေရေးရာပုဂ္ဂိုလ် (Legal Person) ဟူသည့်အဆင့်အတန်း နှင့် ပေးရန်တာဝန်ကန့်သတ်ထားမှုက ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်မှုအတွက် စိတ်ဝင်စားဖွယ်ကောင်းသောအခြေအနေတစ်ရပ်ကိုဖန်တီးပေးသော်လည်း လက်တွေ့တွင် ရင်းနှီးသိကျွမ်းမှုမရှိသူတစ်စုက ကုမ္ပဏီတစ်ခုတွင် ငွေကြေးရင်းနှီးထည့်ဝင်လာကြစေရန် မည်သို့လုပ်ဆောင်ကြမည်နည်း။ ဤအခြေအနေတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်အတွက် ယုံကြည်မှုရှိလာစေရန် ရင်းနှီးမြှုပ်နှံသူများထံသို့ ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုအနေအထားနှင့်ပတ်သက်၍ တိကျမှန်ကန်ပြီး ပြည့်စုံသည့် သတင်းအချက်အလက်များကိုပေးပို့တင်ပြရမည်ဖြစ်သည့်အပြင် ကုမ္ပဏီ၏စီမံခန့်ခွဲမှုအဖွဲ့က စီးပွားရေး လုပ်ငန်းလည်ပတ်ဆောင်ရွက်ရာတွင် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုကိုအကာအကွယ်ပေးသည့်အနိမ့်ဆုံးစံနှုန်း သတ်မှတ်ချက်အချို့ကိုလိုက်နာရန်လိုအပ်မည်ဖြစ်ကြောင်း သတ်မှတ်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူများ၏ယုံ ကြည်မှုကို သင့်လျော်သော အတိုင်းအတာတစ်ခုအထိ ရယူနိုင်ရန်လိုအပ်ပါသည်။ ဤသည်မှာ “ကော်ပိုရိတ် စီမံအုပ်ချုပ်မှု (Corporate Governance)” ၏အခြေခံသဘောတရားဖြစ်ပြီး ထိုသို့ယုံကြည်မှုရရှိအောင် ဆောင်ရွက်နိုင်ရန်အတွက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကို စတင်ဆောင်ရွက်လာခဲ့ကြခြင်းဖြစ်ပါသည်။ သို့မှသာ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ၎င်းတို့ကိုယ်တိုင်စီမံခန့်ခွဲခြင်းမပြုသည့်ကုမ္ပဏီများတွင် ယုံကြည်မှုရှိစွာ ငွေကြေးအရင်းအနှီးထည့်ဝင်နိုင်မည် (သို့မဟုတ် အခြား စုပေါင်းရင်းနှီးမြှုပ်နှံမှုပုံစံများပြုလုပ်နိုင်မည်) ဖြစ်ကာ ပိုမိုကြီးမားပြီး ပိုမိုခေတ်မီသောစီးပွားရေးနိုင်ငံများအဖြစ်ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှု နှင့် တိုးတက်မှုနှုန်း ကို ကော်ပိုရိတ်အုပ်ချုပ်စီမံမှုစံနှုန်းများမှတစ်ဆင့် မြှင့်တင်ခြင်း

ရင်းနှီးမြှုပ်နှံသူများက ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် ဤအခြေခံအဆင့်ယုံကြည်မှုထား ရှိနိုင်ရန်ပံ့ပိုးပေးသည့်စီးပွားရေးအသိုက်အဝန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းကွန်ရက် (Eco – system) ကို ဖန်တီးရန် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု (Corporate Governance) စနစ်က ရည်ရွယ်ပါသည်။ သို့ဖြစ်ပါ၍ ကုမ္ပဏီတစ်ခုကို အမှန်တကယ်ပိုင်ဆိုင်သည်ဖြစ်စေ၊ ပိုင်ဆိုင်ခြင်းမရှိသည်ဖြစ်စေ လိုက်နာရမည့်အနိမ့်ဆုံး စံနှုန်းသတ်မှတ်ချက်များကို ဘုတ်အဖွဲ့က လိုက်နာရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်မူ သမိုင်းဆိုင်ရာ အကြောင်းရင်းများကြောင့်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအကြောင်းရင်းများကြောင့်လည်းကောင်း ကုမ္ပဏီအများစုကို စတင်တည်ထောင်သူများ သို့မဟုတ် အစုရှယ်ယာအများဆုံးပိုင်ဆိုင်သူများက စီမံခန့်ခွဲလျက်ရှိနေဆဲဖြစ်ပါသည်။ စတင်တည်ထောင်သူများမဟုတ်သောအစုရှယ်ယာရှင်များ သို့မဟုတ် စီမံခန့်ခွဲမှုအဖွဲ့တွင် ပါဝင်ဆောင်ရွက်ခြင်းမရှိသောအစုရှယ်ယာရှင်များသည် အများအားဖြင့် စီမံခန့်ခွဲမှုအဖွဲ့ သို့မဟုတ် အခြားအဓိကအစုရှယ်ယာရှင်များ၏ပုဂ္ဂိုလ်ရေးအရရင်းနှီးသည့်မိတ်ဆွေများဖြစ်လေ့ရှိကြပါသည်။ (ဤသည်မှာ ပိုမိုဖွံ့ဖြိုးတိုးတက်သောစီးပွားရေးနိုင်ငံများတွင် ဖြစ်လေ့ဖြစ်ထရှိသည့်အခြေအနေတစ်ရပ်ဖြစ်နေဆဲဖြစ်သော်လည်း ယခုအချိန်တွင် မြန်မာနိုင်ငံနှင့်နှိုင်းယှဉ်ပါက အဆိုပါပိုမိုဖွံ့ဖြိုးတိုးတက်သောနိုင်ငံများ၌ ထိုကဲ့သို့သော အခြေအနေဖြစ်ပွားနှုန်းနည်းပါးပါသည်။) ဤသည်မှာ မြန်မာနိုင်ငံတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု (Corporate Governance) ကို ယခင်က အဓိကအလေးထားရမည့်နယ်ပယ်တစ်ရပ်အဖြစ် သတ်မှတ်မလုပ်ဆောင်ခဲ့ကြသည့်အကြောင်းရင်းများအနက် အကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။

သို့ရာတွင် စီးပွားရေးလုပ်ငန်းရှင်များ နှင့် စီမံခန့်ခွဲသူမန်နေဂျာများက ၎င်းတို့၏မိသားစုများ နှင့် မိတ်ဆွေများထံမှ အရင်းအနှီးမတည်ငွေများကိုသာ ရရှိအောင်ဆောင်ရွက်နိုင်သည့်အခြေအနေဖြစ်ပါက ပိုမိုကြီးမားပြီး ခေတ်မီတိုးတက်သောစီးပွားရေးနိုင်ငံတစ်ရပ်အဖြစ်ဖွံ့ဖြိုးတိုးတက်လာအောင်ဆောင်ရွက်ရန်မဖြစ်နိုင်ပါ။ ပိုမိုကြီးမားခိုင်မာသောရင်းနှီးမြှုပ်နှံသူအသိုက်အဝန်းတည်ထောင်နိုင်ရေးကိုရှေးရှု၍ ရင်းနှီးမြှုပ်နှံသူများ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်ယုံကြည်မှုရှိစေရေးအတွက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု (Corporate Governance) နှင့်စပ်လျဉ်း၍ အသင့်အတင့်မြင့်မားသောစံနှုန်းသတ်မှတ်ချက်များကို ချမှတ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု (Corporate Governance) နှင့်စပ်လျဉ်း၍ အသင့်အတင့်မြင့်မားသောစံနှုန်းသတ်မှတ်ချက်များကို ချမှတ်ဆောင်ရွက်နိုင်ရန်အတွက် ကုမ္ပဏီများအားလုံး (မိသားစုများ နှင့်/သို့မဟုတ် မိတ်ဆွေသူငယ်ချင်းများပိုင်ဆိုင်ထားဆဲဖြစ်သည့်ကုမ္ပဏီများ နှင့် လုပ်ငန်းတိုးချဲ့ဆောင်ရွက်ရန်အတွက် ရင်းနှီးမြှုပ်နှံသူအသစ်မလိုအပ်သောကုမ္ပဏီများပါ အပါအဝင်) လိုက်နာရမည့်ကော်ပိုရိတ်စီမံအုပ်ချုပ်မှု (Corporate Governance) ဆိုင်ရာစံနှုန်းသတ်မှတ်ချက်များကို ချမှတ်ဆောင်ရွက်သည့် တောင့်တင်းခိုင်မာသောစနစ်တစ်ရပ်ရှိရမည်ဖြစ်ပါသည်။ သို့မှသာ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု (Corporate Governance) ဆိုင်ရာ အခြေခံမူများ ပီပြင်စွာအခြေတကျဖြစ်ထွန်းလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စီမံခန့်ခွဲသူမန်နေဂျာများက ၎င်းတို့ကိုယ်တိုင် အစုရှယ်ယာရှင်များ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူများအဖြစ်ပါဝင်ခြင်းမရှိသည့်ကုမ္ပဏီများအပါအဝင် ကုမ္ပဏီတိုင်းသည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု (Corporate Governance) ဆိုင်ရာ အခြေခံမူများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပါသည်။ ဒါရိုက်တာများ နှင့် စီမံခန့်ခွဲမှုအဖွဲ့က အခြားပုဂ္ဂိုလ်များ၏ရင်းနှီးမြှုပ်နှံမှု နှင့် စီးပွားရေးလုပ်ငန်းများကို စီမံခန့်ခွဲဆောင်ရွက်နေကြသည့် ကုမ္ပဏီများအပါအဝင် ကုမ္ပဏီတိုင်းသည် သတ်မှတ်ထားသည့်စံနှုန်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်လိုအပ်သည့်အပြင် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အထူးဂရုပြုဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ သင့်လျော်

သည့်စံနှုန်းသတ်မှတ်ချက်များကို လိုက်နာကြရမည်ဖြစ်ကာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ပွင့်လင်းမြင်သာမှုရှိသောနည်းလမ်းအားဖြင့် အစီရင်ခံတင်ပြကြရန် လိုအပ်ပါသည်။

<u>နိုင်ငံတကာ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုစံနှုန်း များသည် မြန်မာနိုင်ငံ အတွက် ရင်းနှီးမြှုပ်နှံမှု များကို ပိုမိုဆွဲဆောင်နိုင်လိမ့်မည်</u>

"မြန်မာ့နည်း မြန်မာ့ဟန်" နှင့်အညီလုပ်ဆောင်ကြရမည်ဟူသောစကားရပ်က မြန်မာနိုင်ငံတွင် ကြားလေ့ကြားထရှိသည့်စကားရပ်တစ်ခုပါ။ ဤစကားရပ်က အမြဲတစေ မှန်ကန်နေလေ့မရှိသကဲ့သို့ အမြဲတစေကျိုးကြောင်းဆီလျော်လေ့မရှိပါ။ မြန်မာကုမ္ပဏီတစ်ခုခုတွင် ငွေကြေးအရင်းအနှီးမတည်ထည့်ဝင်ရန် မည်သည့်ရင်းနှီးမြှုပ်နှံသူတွင်မျှ တာဝန်မရှိပါ။ အထူးသဖြင့် မြန်မာကုမ္ပဏီတစ်ခုခုတွင် ငွေကြေးအရင်းအနှီးမတည်ထည့်ဝင်ရန် မည်သည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွင်မျှ တာဝန်မရှိပါ။ ကုမ္ပဏီတစ်ခုအနေဖြင့် အခြားသူတစ်ပါး၏ရင်းနှီးထည့်ဝင်ငွေကိုအသုံးပြု၍ အကျိုးအမြတ်ရရှိလိုပါက ရင်းနှီးမြှုပ်နှံသူများယုံကြည်၍ရင်းနှီးမြှုပ်နှံမှုပြုလုပ်လာကြစေရေးအတွက် အနိမ့်ဆုံးစံနှုန်းသတ်မှတ်ချက်များကိုချမှတ်ကာ လိုက်နာဆောင်ရွက်ကြမှသာ နှစ်ဦးနှစ်ဘက်မျှတသည့်အနေအထားတစ်ရပ်ဖြစ်လာမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏စီးပွားရေးကဏ္ဍသိသာထင်ရှားစွာဖွံ့ဖြိုးတိုးတက်လာစေရန် နှင့် ၎င်း၏ဖြစ်နိုင်ခြေအလားအလာကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန်အတွက် ပိုမိုမြင့်မားသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှု (Corporate Governance) ဆိုင်ရာစံနှုန်းသတ်မှတ်ချက်များ (နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များအပေါ်အခြေခံ၍) ကိုချမှတ်၍လိုက်နာဆောင်ရွက်ကြရန် လွန်စွာအရေးကြီးပါသည်။

By Livingstons Legal, 26 May 2020